# အာဏာသိမ်းစစ်ကောင်စီတပ်မှ မူး(မုန်း)မြို့နယ်အတွင်းရှိကျေးရွာနေပြည်သူများ
# အားပစ်မှတ်ထားကာ ရည်ရွယ်ချက်ရှိရှိအကြမ်းဖက်တိုက်ခိုက်မှုအပေါ်
# မူး(မုန်း)မြို့နယ်ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီမှ
# သဘောထားထုတ်ပြန်ချက်

နေ့စွဲ-၃၁/၃/၂၀၂၄

၁။ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ဒေသအတွင်းရှိ ကျေးရွာနေပြည်သူများကြုံတွေ့နေရသည့်အခက်အခဲပြဿနာများနှင့်လိုအပ်ချက်ကိစ္စအဝဝကို တစ်ဖက်တစ်လမ်းတွင် ကူညီဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ ဒေသခံပြည်သူများမှကိုယ်တိုင်ဖွဲ့စည်းထားသောကော်မတီတစ်ရပ် ဖြစ်သည်Hhနည်းတူ အာဏာသိမ်းစစ်ကောင်စီတပ်ကို ဆန့်ကျင်ပြီးပြည်သူများ ၏အကျိုးကိုရှေးရှု လုပ်ဆောင်လာ ခဲ့သည်မှာ (၂)နှစ် (၃)လ ကျော်ရှိလာခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိအချိန်တွင် အာဏာသိမ်းစစ်ကောင်စီတပ်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ မတ်လကုန်အထိ ဒေသခံပြည် သူများအား ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုကိစ္စရပ်များကို ပိုမိုလုပ်ဆောင်လာလျက်ရှိပြီး (၃)လ အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်၏ လေယာဉ်တိုက်ခိုက်မှုစုစုပေါင်း (၆၃)ကြိမ်ပစ်ခတ်ခဲ့ပြီး ဒရုန်းနှင့်လက်နက်ကြီးများဖြင့် အကြိမ်ပေါင်းများစွာပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် ကျေးရွာအတွင်း ဝင်ရောက်ထိုးစစ်ဆင်ပြီး လူနေအိမ်များကိုလည်းမီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

၃။ ထိုသို့ အာဏာသိမ်း စစ်ကောင်စီတပ်မှ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ(၁၈)ဦး သေဆုံးခဲ့ရပြီး (၃၉) ဦးထိခိုက် ဒဏ်ရာရရှိခဲ့သည့်အပြင် လူနေအိမ်စုစုပေါင်း(၁၆၇)အိမ် ကို မီးရှို့ ဖျက်ဆီး ခဲ့သည်။ လက်ရှိစာရင်းများအရ ထွက်ပြေးတိမ်းရှောင် နေကြရသည့်ကျေးရွာအရေ အတွက်မှာ ကျေးရွာပေါင်း(၈၇)ရွာ, အိမ်ခြေပေါင်း (၁၁၇၁၉)အိမ်,မှ စုစုပေါင်းလူဦးရေ(၆၃၁၁၂) ဦးထိ ရှိလာခဲ့သည်။

၄။ ကော်မတီက သက်ဆိုင်ရာအဖွဲ့အစည်းများအား အောက်ပါအတိုင်း တောင်းဆိုပါသည်။

(က) အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ပြည်သူလူထုအပေါ် ပစ်မှတ်ထား အကြမ်းဖက် တိုက်ခိုက်နေမှုများအား ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပြီး ဤလုပ်ရပ်များအား ချက်ချင်းရပ်တန့်ရန် တောင်းဆို ပါသည်။

(ခ) စစ်ဘေးရှောင် ပြည်သူလူထုများ၏ လုံခြုံမှုနှင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အတွက်လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ ပေးအပ်ရန် နိုင်ငံတကာအဖွဲ့အစည်းများအား တောင်းဆိုပါသည်။

(ဂ) ပြည်တွင်းပြည်ပတွင်ရှိသော ကရင်လူမျိုးနှင့်တကွ ပြည်သူလူထုကို ကိုယ်စားပြုသည့် အရပ်ဖက်အဖွဲ့အစည်းများ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့်တကွ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများကလည်း ဤသို့သော စစ်ကောင်စီတပ်၏ ပြည်သူကိုပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်နေမှုများအား ချက်ချင်း ရပ်တန့်ပြီး ပြန်လည်ရုပ်သိမ်းရေးအတွက် ထိရောက်သောအရေးယူဆောင်ရွက်မှု ပြုလုပ်ရန် တောင်းဆိုပါသည်။

၅။ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ဒေသခံတိုင်းရင်းသားပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲပေါင်းများစွာကို တစ်ဖက်တစ်လမ်းမှ တတ်နိုင်သည့် အကူအညီများပေးကာ အကြမ်းဖက်ခံရသည့် အဖိနှိပ်ခံပြည်သူများနှင့် နှင့်အတူ ဆက်လက် ရပ်တည်သွား မည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်သည်။

ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ
(မူးမြို့နယ်)

ဆက်သွယ်ရန်-
၀၉-၇၈၇၉၄၂၆၄၉
၀၉-၂၅၃၇၉၇၅၉၀